# လူနေမှုအဆင့်အတန်းမြင့်ဖို့

ကိုရီးယားမှာ ရောက်နေတဲ့ မူးမြင့်အောင်က ဖေ့စ်ဘုတ်မက်ဆေ့ ကနေ လှမ်းပြောတယ်။ "ကိုရီးယားရဲ့လူနေမှုအဆင့်အတန်းမြင့်မားတာကို အတုယူပြီး တို့နိုင်ငံကိုလည်း လူနေမှုအဆင့်မြှင့်နိုင်ဖို့ ပြင်ဆင်ဖို့လိုပြီ ဇကလေးရေ"လို့ ဆိုသဗျ။

နောက်တစ်နေ့မှာ ဘိုးညီတင့်နဲ့ ဦးညီပုကြီး လမ်းလျှောက်လာရင်း ဇကလေးနဲ့တွေ့တယ်။ ဇကလေးက မူးမြင့်အောင် ကိုရီးယားကနေ လမ်းညွှန်မိန့်ကြားကြောင်း ပြောပြတယ်။ နှစ်ယောက်လုံးကလည်း ဒါဟာလုပ်ရမယ့် အရေးကြီးအလုပ်ပဲလို့ ဆိုတယ်။

ဘိုးညီတင့်က "ဇကလေး မင်းသယ်နေတဲ့ အုတ်နီခဲတွေက ဘာလုပ်ဖို့တုန်း"တဲ့...


ဇကလေးက "လူနေမှုအဆင့်မြင့်လာအောင် ပြင်ဆင် နေတာပါ"တဲ့...

ဦးညီပုကြီးက "အုတ်နီခဲနဲ့ လူနေမှုအဆင့်အတန်းမြင့်တာနဲ့ ဘယ်လိုများ ပတ်သက်သလဲကွ"လို့ မေးတယ်။

ဇကလေးက "အိမ်မှာရှိတဲ့ ကုတင်တွေ ကုလားထိုင်တွေ စားပွဲတွေ ရေအိုးစင်တွေ မီးဖိုတွေအောက်ကို အုတ်နီခဲ လေးဆင့်လောက်စီ ခုဖို့ပါ"တဲ့ ...

ဇကလေးက လူနေမှုအဆင့်အတန်းမြင့်ဖို့ အဲလို ပြင်ဆင်ထားတာ။





# လူနဲ့ မူ

ရွာထဲက ကာဖီဆိုင်မှာ ဇကလေး ဖွဘုတ်ပွတ်ရင်း ကာဖီသောက်နေတယ်။ တစ်ဖက်ဝိုင်းက ရွာသားနှစ်ယောက် ပြောဆိုနေကြတာကို ကြားနေရတယ်။ ရွာသားတစ်ယောက်က ဟိုပါတီကြီးက သူတို့ပါတီက လူတွေကသာ မကောင်းတာ မူကတော့ ကောင်းတယ်လို့ ဆိုသဗျ။ နောက်တစ်ယောက်ကလည်း ဟိုပါတီကြီးကတော့ဗျာ လူတွေကတော့ ကောင်းသဗျာ။ မူကတော့ မယ်မယ်ရရမရှိဘူးတဲ့။

အဲဗျာ သူတို့နှစ်ယောက်က ဇကလေးဘက်လှည့်ပြီး

"ဇကလေးရေ လူနဲ့မူနဲ့ ဘယ်ဟာများ အရေးကြီးသလဲ"တဲ့။

ခက်ကပြီ။ ဇကလေး ခက်ကပြီ မဖြေရင်လည်း ဇကလေးကို အထင်စမောလ်ကြတော့မယ်။ အဲလိုတော့ အဖြစ်မခံနိုင်။

ဇကလေး က မှင်သေသေနဲ့ဖြေလိုက်တယ်။

"နွားနှစ်ကောင် ဘက်မညီ မှတော့ အဲဒီလှည်း မောင်းမနေတဲ့ ကိုယ်လူတို့ရေ။ ကိုယ့်ဇာသာ ထွန်နိုင်ရင်ထွန် ဒါမှမဟုတ် လက်တွန်းထွန်စက်သာ ဝယ်ထွန်ကြပေါ့ဗျာ။ အဲဒါပေမဲ့ တရုတ်လုပ်တော့ မဝယ်မိစေနဲ့ပေါ့"လို့...